# ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သတ်၍ လမ်းညွှန်ချက်

**ကာကွယ်ဆေးနှင့် ပတ်သတ်၍**

- ကာကွယ်ဆေးထိုးခြင်းသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါမှ ကာကွယ်နိုင်ရန်ဖြစ်သော်လည်း ဓာတ်မတည့်မှုများစသည့် ဘေးထွက်ဆိုးကျိုးများလည်းရှိနိုင်ပါသည်။
- Pfizerကာကွယ်ဆေးကို ၂ ကြိမ်ထိုးပေးရပါမည်။
- ကုန်ကျစရိတ်မှာ အခမဲ့ဖြစ်ပါသည်။

**ကာကွယ်ဆေးရရှိနိုင်သူများနှင့် ပတ်သတ်၍**

- ၁၂နှစ်ပြည့်ပြီးသူများမှစ၍ကာကွယ်ဆေးထိုးနှံနိုင်ပါပြီ။
- ကာကွယ်ဆေးထိုးခြင်း၊ မထိုးခြင်းမှာ သင်၏ ဆန္ဒအလျောက်သာဖြစ်ပါသည်။
- အသက် ၁၂နှစ်မှ ၁၈နှစ်အတွင်းရှိသူများ*နှင့် ၎င်းတို့၏အုပ်ထိန်းသူများ၊ အခိတကတမြို့ အတွင်းရှိ ကျောင်းတခုခုတွင် အလုပ်လုပ်ကိုင်နေသောသူများ၊ ရောဂါအခံရှိသူများအား ပထမဦးစားပေးစနစ်ဖြင့် ထိုးနှံပေးသွားမည် ဖြစ်ပါသည်။

※ကာကွယ်ဆေးထိုးရာတွင် အုပ်ထိန်းသူပါ အတူတကွလိုက်ပါလာပါရန်။အခိတကတမြို့တွင်းမှ မဟုတ်သော အခိတကတမြို့တွင်းရှိကျောင်းတခုခုတွင်တက်ရောက်နေသူများလဲ ပါဝင်ပါသည်။

**ကြိုတင်စာရင်းပေးခြင်းနှင့် ပတ်သတ်၍**

- ကြိုတင်စာရင်းပေးသွင်းထားသူများသာ ကာကွယ်ဆေးထိုးနိုင်မည် ဖြစ်ပါသည်။
- အင်တာနက် သို့မဟုတ် ဖုန်းမှတဆင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

## ရောဂါအခံဆိုတာ ဘာလဲ

၁။ ပြင်ပလူနာ သို့မဟုတ် အတွင်းလူနာဌာနတွင် စောင့်ရှောက်မှုခံယူနေရသော အောက်ပါရောဂါရှိသူများ သို့မဟုတ် အခြေအနေရှိသူများ

၁။ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ

၂။ နာတာရှည်နှလုံးရောဂါ (သွေးတိုးရောဂါအပါအဝင်)

၃။ နာတာရှည်ကျောက်ကပ်ရောဂါ

၄။ နာတာရှည် အသည်းရောဂါ

၅။ အင်ဆူလင် သို့မဟုတ် ဆေးဝါးဖြင့် ကုသနေရသော ဆီးချိုရောဂါ သို့မဟုတ် အခြား ရောဂါများနှင့် ဆက်စပ်နေသော ဆီးချိုရောဂါ

၆။ သွေးရောဂါ (သံဓာတ်ချို့တဲ့သော သွေးအားနည်းရောဂါ မပါဝင်ပါ)

၇။ ကိုယ်ခံအားစနစ်၏လည်ပတ်မှုကို အဟန့်အတားဖြစ်စေသော ရောဂါများ (ဆေးကုသမှုခံယူနေဆဲ ကင်ဆာအကျိတ်အပါအဝင်)

၈။ Steroids အပါအဝင် ကိုယ်ခံအားစနစ်ကို ကျဆင်းစေသော ကုသမှုအား ခံယူနေခြင်း

၉။ ကိုယ်ခံအား မူမမှန်ခြင်းနှင့် ဆက်စပ်သော အာရုံကြောနှင့် အာရုံကြောကြွက်သားဆိုင်ရာ ရောဂါများ

၁၀။ အာရုံကြောဆိုင်ရာ သို့မဟုတ် အာရုံကြောကြွက်သားဆိုင်ရာ ရောဂါများကြောင့် ခန္ဓာကိုယ်၏စွမ်းရည်များ ကျဆင်းနေသည့် အခြေအနေ ( အသက်ရှူလမ်းကြောင်း ရောဂါများအပါအဝင်)

၁၁။ ခရိုမိုဆုန်းမူမမှန်ခြင်းရောဂါ

၁၂။ ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုများ

၁၃။ အိပ်စက်ချိန် အသက်ရှူရပ်တတ်သောရောဂါလက္ခဏာ

၁၄။ ပြင်းထန်သောစိတ်ရောဂါ

၁၅။စိတ်ရောဂါကုသမှုခံယူရန် ဆေးရုံတက်နေရခြင်း

၁၆။စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုလက်မှတ်ကိုင်ဆောင်ထားသူ

၁၇။ စိတ်ပိုင်းဆိုင်ရာ ပြည်လည် ထူထောင်ရေး ဆေးကုသမှုတွင် ပြင်းထန်သော အခြေအနေရှိသူအမျိုးအစားတွင် အကျုံးဝင်သူ

၁၈။ အသိဉာဏ်ပိုင်းဆိုင်ရာ မသန်စွမ်းသူလက်မှတ်ကိုင်ဆောင်ထားသူ

၂။ BMI ၃၀နှင့် အထက် စံသတ်မှတ်ချက်နှင့် ကိုက်ညီသော အဝလွန်သူများ

BMI= ခန္ဓာကိုယ်အလေးချိန်(kg)÷အရပ်အမြင့်(m) ÷အရပ်အမြင့်(m) ※BMI ၃၀ခန့်မှန်းခြေ= အရပ်အမြင့် ၁၆၀cm နှင့် ခန္ဓာကိုယ်အလေးချိန် ၇၇kg

- ကိုဗစ်ကာကွယ်ဆေးထိုးမည့်အချိန်တွင် ရောဂါအခံရှိသူ ဟုတ်မဟုတ်စစ်ဆေးပါမည်။ သို့သော်ကျန်းမာရေးထောက်ခံစာမလိုပါ။
- သင်၏ကျန်းမာရေးအခြေအနေနှင့်လိုက်၍ ကာကွယ်ဆေးထိုးရန် စိုးရိမ်နေပါက မိသားစုဆရာဝန်နှင့် ကြိုတင်တိုင်ပင်ဆွေးနွေးပါ။